**ကချင်ပြည်နယ်ပဋိပက္ခနှင့်စပ်လျဉ်း၍**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ထုတ်ပြန်ချက်**

**ထုတ်ပြန်ချက်အမှတ်(၂/၂၀၁၃)**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့၌ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက် နှင့် ၁၂ ရက် တို့တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ခဲ့ပြီး အပြုသဘောဆောင်သော ဖြစ်ပေါ် တိုးတက်မှုများရရှိခဲ့သဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါသည်။ အဆိုပါ ပူးတွဲကြေညာချက်အရ အပစ်အခတ်ရပ်ဆိုင်းရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဟု ဖော်ပြခြင်းကိုလည်း လှိုက်လှဲစွာကြိုဆိုပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကချင်ပြည်နယ်တွင် ဖြစ်ပွားသော ပဋိပက္ခ နှင့်စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် စောင့်ကြည့်လေ့လာခဲ့ပါသည်။ အဆိုပါပဋိပက္ခသည် ကာလရှည်ကြာလာသည်နှင့်အမျှ ရပ်ရွာစွန့်ခွာ တိမ်းရှောင်နေသူများ အနေဖြင့် လည်း ဒုက္ခပိုမိုခံစားကြ ရသည်ကို ဝမ်းနည်းစွာတွေ့ရှိရပါသည်။ ကော်မရှင်သည် ကချင်ပြည်နယ်သို့ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ တွင် တစ်ကြိမ်၊ ၂၀၁၂ခုနှစ်၊ ဇူလိုင်လတွင်တစ်ကြိမ်၊ နှစ်ကြိမ်တိုင် သွားရောက်ခဲ့ပြီး ရပ်ရွာစွန့်ခွာ တိမ်းရှောင်သူများအား လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီရရှိရေးအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်း၍ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် အဆိုပါပဋိပက္ခနှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များတွင်လည်း ရပ်ရွာ စွန့်ခွာ တိမ်းရှောင်သူများ မိမိရပ်ရွာပြန်လည်နေထိုင်နိုင်ရေးအတွက် ပြန်လည် ထူထောင်ရေးမပြုလုပ်မီ မိုင်းရှင်းလင်းရေးပြုလုပ်ရန် လိုအပ်ကြောင်း၊ မိုင်းရှင်းလင်းရေး ပြုလုပ်ပါက လက်နက်ကိုင် အဖွဲ့ အစည်းများ၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ ရွာသားများကို မိုင်းအသိပညာပေးသင့်ကြောင်း၊ လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ကျေးရွာလူထုအပေါ်မည်သို့သောအကြောင်းနှင့်မျှ လူ့အခွင့်အရေး ချိုးဖောက်ခြင်းမပြုရန်နှင့် တပ်သားသစ်များ အတင်းအဓမ္မ ခေါ်ယူစုဆောင်းခြင်းမပြုကြရန် လိုအပ်ကြောင်း၊ ပဋိပက္ခဒုက္ခသည်များထံသို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ လုံခြုံချောမွေ့စွာ ပို့ဆောင်ရေးနှင့် ရောက်ရှိရေးကို ကိုင်တွယ်ဖြေရှင်း ရန်လိုအပ်ကြောင်းတို့ကို အလေးအနက် တိုက်တွန်းခဲ့ပါသည်။

၃။ ကချင်ပြည်နယ်ငြိမ်းချမ်းရေးရရှိရေးကို ရည်မှန်းပြီးငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေစဉ်ကာလအတွင်း ရပ်ရွာစွန့်ခွာတိမ်းရှောင်နေသူများ ခံစားနေရသည့်ဒုက္ခများ လျော့ပါးစေရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ပိုမိုအထောက်အကူဖြစ်စေရေး အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အကြံပြုတိုက်တွန်းထားသည့် အထက်ဖော်ပြပါအချက်များကို လတ်တလော ဦးစားပေးအကောင်အထည်ဖော်ဆောင်သင့်ပါကြောင်း ထပ်လောင်းတိုက်တွန်း အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၃ခုနှစ်၊မတ်လ၂၈ရက်